## ၈။ သကြားမုန်လာငမြောင်တောင်

**Beet Armyworm : *Spodoptera exigua* (Hübner, 1808)**

**Lepidoptera: Noctuidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





လောက်ကောင်မှာအစိမ်းရောင်မှအဝါရောင်ဖြစ်ပြီးလောက်ကေင်ကြီး များတွင်အစက် အပြောက်များပါရှိပြီး အရောင်မှာတဖြည်းဖြည်းညို့လာသည်။လောက် ကောင်၏ ခန္ဓာကိုယ်တွင် အမွေးနှင့်ဆူးချွန်များမပါရှိဘဲချောမွတ်နေသည်။အကောင်ကြီးသည်(၂၅-၃၀)မီလီမီ တာခန့်ရှိသည်။ရှေ့အတောင်သည်မီးခိုးရောင် ပြောက်ကြား ဖြစ်ပြီးပုံမှန်မဟုတ်သော အညိုရောင်အတန်းများပါရှိပြီးအလယ်တွင်အဖြူရောင်ပဲစေ့ပုံအပြောက်တစ်ပြောက်ပါရှိသည်။နောက်အတောင်ပံသည်ဖြူညစ်ညစ်အရောင်ရှိပြီးအနားသားတွင်အနက် ရောင်လိုင်းများပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ



**ဘဝစက်ဝန်း**

ဥအဆင့်                    – (၅–၇) ရက်

လောက်ကောင်အဆင့်          **– (၉–၁၀)** ရက်

ရုပ်ဖုံး အဆင့်              **– (၆–၇)** ရက်

အကောင်ကြီးအဆင့်           **– (၄–၁၀)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) မိမိစိုက်ခင်းအား အမြဲကင်းထောက်စစ်ဆေးပါ။

(၃)စိုက်ခင်းအားထွန်/ထယ်နက်နက်ထွန်ပါ။

(၄)လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၅)အလင်းရောင်ထောင်ချောက်များအသုံးပြု၍အကောင်ကြီးများအားဖမ်းဆီးပါ။

(၆) တမာပိုး သတ်ဆေးကို ရေ(၂၀)လီတာတွင် (၃၀၀) စီစီနှုန်း ဖျော်၍ မှန်မှန်ဖျန်းပေးပါ။ ပက်ဖျန်းပါ။

(၇) ထိသေ၊စားသေ(သို့)ပင်လုံးပြန့် အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- အဆီဖိတ် (Acephate)
- အီမာမက်တင်ဘန်ဇိုရိတ် (Emamectin Benzoate)
- ကလိုရမ်ထရမ်နီလီပရော  (Chlorantraniliprole)